မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
February 10 , 2026 Volume 99 , Number 7

၁၀. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၅၀၁.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၉.၄၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၉.၉၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၅.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၃၈ ကျပ် |

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင်ငွေကျပ် ၆,၂၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/

## မန္တလေးတိုင်းဒေသကြီးမှာ ဆောင်းသီးနှံစိုက်ပျိုးစရိတ်အတွက် တောင်သူ ၂၀၀၀ ကျော်ကို ကျပ်သိန်း ၉၀၀၀ ကျော် ထုတ်ချေးပေးထား



မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်အတွက် တောင်သူဦးရေ ၂၀၀၀ ကျော်ကို ငွေကျပ်သိန်း ၉၀၀၀ ကျော် ထုတ်ချေးပေးထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ (မန္တလေး)မှ သိရပါတယ်။

အဆိုပါ ဘဏ်အနေနဲ့ စားရေရိက္ခာဖူလုံစေရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူများ စိုက်ပျိုးစရိတ်စိုက်ထုတ်သုံးစွဲရမှု လျော့နည်းသက်သာစေရန် ရည်ရွယ်ပြီး ရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိတယ်လို့ သိရပါတယ်။

ထိုသို့ ထုတ်ချေးပေးရာမှာ မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲ ၈ ခုတို့မှ ဆောင်းသီးနှံ စပါး၊ ဂျုံ၊ ကုလားပဲ၊ ပဲယဉ်း၊ ပဲတီစိမ်းနှင့်နေကြာစသည်တို့ကို စိုက်ပျိုးကြတဲ့ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ တောင်သူဦးရေပေါင်း ၂၀၂၄ ဦး၏ စုစုပေါင်း စိုက်ဧက ၈၇၅၅ ဧက အတွက် ငွေကျပ် ၉၁၄၁ သိန်းကိုထုတ်ချေးပေးထားတာဖြစ်တယ်လို့ သိရပါတယ်။

ဘဏ်အနေနဲ့ စပါးနှင့်ဂျုံတစ်ဧကလျှင်ငွေကျပ်၁၅၀,၀၀၀နှုန်းနှင့်တခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀,၀၀၀ နှုန်းစီ ထုတ်ချေးပေးခြင်းဖြစ်ပြီး အတိုးနှုန်းအနေနဲ့ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်တယ်လို့လည်း သိရပါတယ်။

**Source : MyanmarFutureNews Agency**

## အခက်အခဲတွေကြောင့် ယွန်းထည်လက်မှုလုပ်ငန်းများ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်လာ

အခက်အခဲများကြောင့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းတစ်ခုဖြစ်သည့် ယွန်းထည်လက်မှုလုပ်ငန်းများ တိမ်ကောပျောက်ကွယ်လုနီးပါး အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ၎င်းလုပ်ငန်းလုပ်ကိုင်ကြသူများထံက သိရပါတယ်။




ဈေးကွက်ပျက်ပြီးနောက် လုပ်ငန်းလုပ်ကိုင်သူနည်းလာခြင်းကြောင့် တိမ်ကောပျောက်ကွယ်လုနီးပါး အခြေအနေတစ်ခုသို့ ဆိုက်ရောက်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုပါတယ်။

"အခိုကပြဿနာကတော့ ဂယ်သူနည်းသွားရာကနေ ဈေးကွက်ပျက်တာပေါ့နော်၊ ဒီပစ္စည်းတွေက အဖြူ(ပြည်ပခရီးသွား) တွေ ပိုနှစ်သက်ကြတယ်၊ သူတို့ဝင်ထွက်နေတုန်းကတော့ လုပ်ငန်းကောင်းကောင်းလည်ပတ်နိုင်တယ်၊ အခုဖြစ်နေတာက ရောင်းအားကျပြီး ဈေးကွက်ပျက်နေတာ၊ ယ်သူမရှိသလောက် အလုပ်တစ်ခုကို ဘယ်သူကလုပ်ချင်မလဲ၊ တခြားအလုပ် ပြောင်းလုပ်ကုန်တာပေါ့၊ နောက်ပိုင်းမှာအမွေဆက်ခံသူတောင်ရှိပါတော့မလားမသိဘူး"လို့ ဘိုးဘွားအစဉ်အဆက် ယွန်းထည် လက်မှုလုပ်ငန်း လုပ်ကိုင်လာသူတစ်ဦးက ပြောပါတယ်။

ကုန်ကြမ်းပစ္စည်းရှားပါးခြင်းကြောင့်ကုန်ချောတန်ဖိုးမြင့်တက်လာခြင်း၊ ပြည်ပဂယ်လိုအားသိသိသာသာလျော့ကျသွားခြင်း၊ ပြည်တွင်းစိတ်ဝင်စားမှုအထိုက်အလျောက်သာရှိတော့ခြင်း၊ စသည့်အခက်အခဲများကြောင့် လုပ်ငန်းပြောင်းလဲလုပ်ကိုင်သူများ လာပြီး တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်လာခြင်းလို့ ဆိုကြပါတယ်။

ရှေးမြန်မာဘုရင်များအဆက်ဆက်ထင်ရှားခဲ့သည့် မြန်မာ့ယွန်းထည်လက်မှုအနုပညာလုပ်ငန်းသည် ခရီးသွားအမှီပြု လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။

ယွန်းထည်လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် အများဆုံးလုပ်ကိုင်ကြပြီး အင်းဝ ဒေသတွင်လည်း အနည်းငယ်လုပ်ကိုင်ကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## Eden's Festival ပွဲတော်ကို ၆ ရက်ကြာ ကျင်းပမည်




ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ကန်တော်ကြီးဥယျာဉ်မှာ Eden's Festival ပွဲတော်ကို ၆ ရက်တိုင်တိုင် ကျင်းပသွားမယ်လို့ ဒေသခံတွေဆီက သိရပါတယ်။

ပွဲတော်ကို ဖေဖော်ဝါရီလ ၁၂ ရက်ကနေ ၁၇ ရက်အထိ ကျင်းပသွားမှာ ဖြစ်ပြီး ဈေးပွဲတော်လည်းပါဝင်မယ်လို့ဆိုပါတယ်။ ဒါ့ပြင် နိုင်ငံကျော် တေးသံရှင်တွေရဲ့ ဖျော်ဖြေရေးတွေလည်းပါဝင်ပြီး ဈေးပွဲတော်မှာလည်း လူသုံးကုန်ပစ္စည်း အရောင်းဆိုင်တွေ၊ သစ်ပင်ပန်းမန်အရောင်းဆိုင်တွေနဲ့ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်တွေ ပါဝင်ရောင်းချကြမှာဖြစ်ပါတယ်။

ပွဲတော်ကျင်းပတာကတော့ ကန်တော်ကြီးဥယျာဉ်ရဲ့ သမိုင်းအစဉ်အလာကို တန်ဖိုးထားဂုဏ်ယူနိုင်စေဖို့၊ ရုက္ခဗေဒဥယျာဉ် ရဲ့ အရေးပါပုံနဲ့ အကျိုးကျေးဇူးတွေကို ပိုမိုသိရှိ တန်ဖိုးထားတတ်စေဖို့၊ ပြည်သူတွေ ဗဟုသုတတိုးပွားစေဖို့၊ အများပြည်သူစိတ် ကြည်နူးစွာလာရောက်လည်ပတ်နိုင်ကြစေဖို့၊ ပြည်တွင်းလူမှုစီးပွားနဲ့ခရီးသွားလုပ်ငန်းကဏ္ဍပိုမိုတိုးတက်လာစေဖို့စတဲ့ ရည်ရွယ် ချက်တွေနဲ့ ကျင်းပပြုလုပ်တာဖြစ်တယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## အွန်လိုင်းကနေ ကန်တော့ပွဲထိုးပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ခေတ်စားလာ




မန္တလေးမြို့အနီးဝန်းကျင်ရှိ နာမည်ကြီး စေတီဘုရားများတွင် အွန်လိုင်းမှတစ်ဆင့် ကန်တော့ပွဲထိုး(ပူဇော်)ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း များ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လာကြသည်ကို တွေ့ရကြောင်း ဒေသခံ များထံက သိရပါတယ်။

အခြားအရပ်ဒေသမှ မအားလပ်သဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်

နိုင်ခြင်းမရှိသူများအား သက်ဆိုင်ရာစေတီဘုရားရှိရာဒေသမှ ဒေသခံများက အခကြေးငွေဖြင့် ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုပါတယ်။

"တစ်ဦးစနှစ်ဦးစ လုပ်နေကြတာတော့ကြာပါပြီ၊ အခုနောက်ပိုင်းမှ ခေတ်စားလာတာ၊ ကန်တော့ပွဲပေးဖို့ ကိုယ်တိုင်မလာနိုင်သူတွေကို ဒီကနေ လှမ်းလုပ်ပေးတာပါ၊ ကန်တော့ပွဲဖိုးနဲ့ မုန့်ဖိုး(ဝန်ဆောင်ခ)ကို Kpay တို့ Wave တို့နဲ့လွှဲပေးရတယ်၊ အလှူရှင်ရဲ့ဆုတောင်းစာကို ကြိုရေးပေးရင်တော့ပိုကောင်းတာပေါ့၊ Vcall နဲ့လုပ်ပေးတာဆိုတော့ နှစ်ဦးနှစ်ဘက်အဆင်ပြေကြတယ်လေ" လို့ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားအနီး နေထိုင်သူတစ်ဦးက ပြောပါတယ်။

အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းသည် ယခင်က ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားတွင်သာရှိခဲ့ပြီး ယခုအခါ မန္တလေးမြို့အနီးဝန်းကျင်ရှိ နာမည်ကြီးစေတီဘုရားများတွင်ပါ လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း သိရပါတယ်။

နတ်နဂါးပုဂ္ဂိုလ်ထူးသက်ဝင်ယုံကြည်မှုနှင့် ကိုးကွယ်ပူဇော်မှုတို့ကြောင့် ရွှေသိမ်တော်ဘုရား၊ ရွှေစာရံဘုရား၊ မုံတောနဂါးရုံဘုရား၊ တောင်ပြုံးဆုတောင်းပြည့်ဘုရား၊ ရတနာ့ဂူဘုရား၊ မန္တလေးတောင်ခြေ ဘိုးဘိုးကြီးနတ်နန်းအစရှိသည့် မန္တလေးမြို့အနီးဝန်းကျင်ရှိနာမည်ကြီး စေတီဘုရားများတွင် နေ့စဉ်လူအသွားအလာမပြတ်ရှိနေကြောင်း သိရပါတယ်

**Source :** https://opinionleadersmedia.com/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်တိုးတက်လာ




ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်များသည် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော် အထိ မြင့်တက်လာခဲ့ပြီး ယခင်လထက် ၁၁ ဒသမ၂၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းတရားဝင်အချက်အလက်များအရ သိရသည်။

ပို့ကုန်မြှင့်တင်ရေးဗျူရို (EPB) ၏ဖေဖော်ဝါရီလ ၃ ရက်နေ့ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသောအချက်အလက်များအရလက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ခုနှစ်လမြောက်လဖြစ်သော ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၄,၄၁၃ ဒသမ ၆၅ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများတင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူလထက် သုည ဒသမ ၅၀ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

EPB ၏ အချက်အလက်များအရ လက်ရှိ ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်၏ ပထမခုနစ်လအတွင်း ဘင်္ဂလားဒေ့ရှ်၏ စုစုပေါင်းပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄၁ ဘီလီယံအထိရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၁ ဒသမ ၉၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြသထားသည်။

ပို့ကုန်နှေးကွေးလာရခြင်းမှာ အဓိကအားဖြင့် အရေးကြီးသော အထည်ချုပ်လုပ်ငန်းတွင်စွမ်းဆောင်ရည်ညံ့ဖျင်းခြင်း ကြောင့်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇူလိုင်လမှဇန်နဝါရီလအတွင်း အသင့်ချုပ်အထည်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉၈ ဘီလီယံရရှိခဲ့ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၃ ဒသမ၅၅ ဘီလီယံရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၎င်း၏ ပို့ကုန်ပစ်မှတ်ကို အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ သတ်မှတ်ထားပြီး ၎င်းတွင်အသင့်ချုပ်လုပ်ထားသော အထည်အလိပ်များမှ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံနီးပါး ပါဝင်ကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)**

## အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု ၂၁ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်တက်



၂၀၂၅ ခုနှစ်သည် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ လုပ်ငန်းအတွက် အောင်မြင်မှုများရရှိသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ဝယ်လိုအားများသည်လည်းသိသိသာသာမြင့်တက်ခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဗဟိုစာရင်းအင်းဌာန (BPS) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ စားအုန်းဆီတင်ပို့မှုမှ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၂ ဘီလီယံခန့် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါတင်ပို့မှုမှ ရရှိခဲ့သော ဝင်ငွေပမာဏသည် ၂၀၂၄ ခုနှစ်တွင်ရရှိခဲ့သော ပမာဏထက် ၂၁ ဒသမ၈၃ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတန်ချိန် ၂၃ ဒသမ ၆၁ သန်းတန်ခန့်ကို ပြည်ပသို့ တင်ပို့ခဲ့ပြီး တင်ပို့မှုပမာဏမှာ ၂၀၂၄ ခုနှစ်တွင် တင်ပို့ခဲ့သော တန်ချိန် ၂၁ ဒသမ၆၄ သန်းတန်ထက် ၉ ဒသမ၀၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

BPS အနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့သည့် စားအုန်းဆီဈေးကွက်များကို ထုတ်ဖော်ပြသထားခြင်းမရှိသော်လည်း အိန္ဒိယနိုင်ငံသည် ပြည်ပမှထောက်ပံ့မှုအပေါ်များစွာမှီခိုနေရသဖြင့် စားအုန်းဆီသည်အင်ဒိုနီးရှားနိုင်ငံအတွက် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှုပိုငွေရရှိစေခြင်း၏ အဓိကအကြောင်းအရင်း တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင်အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည့်ဟင်းသီးဟင်းရွက်ဆီမှကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၅၆ ဘီလီယံခန့် ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် စားအုန်းဆီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ၈ ဘီလီယံခန့်ရရှိခဲ့ပြီး တင်ပို့မှု တန်ချိန်ပေါင်း ၂ ဒသမ ၇၅ သန်းတန်ခန့်ရှိခဲ့ကြောင်း သိရသည်။

စားအုန်းဆီဝယ်မှုများမြင့်တက်နေသော်လည်း ကမ္ဘာ့စားအုန်းဆီပျမ်းမျှ ဈေးနှုန်းမှာ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၈၀ ဒသမ ၅၁ အထိသာရှိခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၇ ဒသမ၅၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဈေးနှုန်းသည် လအလိုက်နှိုင်းယှဉ်မှုတွင် သုည ဒသမ၂၉ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏စားအုန်းဆီတင်ပို့မှုတိုးတက်လာခြင်းသည် ၂၀၂၀ ခုနှစ်မှစတင်၍အရှိန်အဟုန်မြင့်မားလာခဲ့ကာ အင်ဒိုနီးရှား နိုင်ငံအား ကုန်သွယ်မှုပိုငွေရရှိစေရန်အတွက် အထောက်အကူပြုခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများအား အင်ဒိုနီးရှားနိုင်ငံမှထွက်ရှိသောစားအုန်းဆီများကို ဝယ်လိုအားကောင်းလာကြောင်းနှင့် စားအုန်းဆီကိုဆပ်ပြာထုတ်လုပ်ခြင်းမှစ၍ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများအထိ နယ်ပယ်အသီးသီးတွင် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စားအုန်းဆီအနည်များနှင့် အသုံးပြုပြီးသား ဟောင်းနွမ်းဆီများကို ပြည်ပတင်ပို့မှု ကန့်သတ်ရန် ဆုံးဖြတ်ခြင်းသည် ဘိုင်အိုဒီဇယ်ထောက်ပံ့မှုကို ကာကွယ်ရန်နှင့် လေယာဉ်ဆီထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် ဖြစ်ကြောင်း ကာကွယ်ပြောဆိုခဲ့သည်။

**Source: JakartaGlobe**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (10.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Feb. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 74,826 (Shares) | 265,632,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +100 | +1.20% | 8,300 | 8,400 | 8,300 | 193 | 1,609,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 1,586 | 6,185,400 | 38,929,150 | 151,824 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 188 | 540,200 | 29,664,613 | 84,544 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,800 | 346 | 1,003,450 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 10,962 | 17,542,300 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,900 | 10 | 39,400 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 1,540 | 4,704,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.62 | +0.97 | +0.23% | 415.65 | 416.62 | 413.32 | 14,826 | 31,632,350 | 8 | 785,829 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 10th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 74,841 (Shares) | 265,763,150 (MMK) |

## Main Board

As of 1:00 p.m. 10th Feb. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 74,826 (Shares) | 265,632,350 (MMK) |

| MYANPIX | 416.62 ▲ 0.97 |
|---|---|
| Total Volume (shares) | 14,826 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 785,829 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 100 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 2,850 | ▼ 50 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |